# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 18 , 2024 Volume 76, Number 12

၁၈.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၄၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၉.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၃၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖတ်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (WORLD CONSUMER RIGHTS DAY) အထိမ်းအမှတ်အခမ်းအနားသို့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြား




၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို အဆိုပါနေ့ နံနက် ၈:၃၀ နာရီအချိန်တွင် နေပြည်တော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် ၅၂ ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသောပြခန်းအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် အစည်းအဝေးခန်းမ (၁)၌ အခမ်းအနား အစီအစဉ်

များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် အတွင်းရေးမှူးကိုယ်စား စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် စားသုံးသူကာကွယ်ရေး အသိပညာပေး ရုပ်သံမှတ်တမ်း၊ စားသုံးသူ တိုင်ကြားမှုအပေါ် စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်း သရုပ်ဖော်အစီအစဉ်တင်ဆက်မှုနှင့် စားသုံးသူရေးရာဦးစီးဌာန အထိမ်းအမှတ်တေးသီချင်းဖြင့်ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့စားသုံးသူအခွင့်အရေး များနေ့ အထိမ်းအမှတ်ကျင်းပပြုလုပ်သော ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူအသီးသီးကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြပြီး သီဆိုဖျော်ဖြေတင်ဆက်သူများကို အမှတ်တရလက်ဆောင်များပေးအပ်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%

## မြန်မာ့ရော်ဘာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် "ရော်ဘာအရည်အသွေးမြှင့်တင်ခြင်းနှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းစီမံကိန်း" အစီအစဉ်အရ "မြန်မာ့ရော်ဘာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်နေ့ နံနက် ၉:၀၀ နာရီအချိန်၌ ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရော်ဘာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ စုစုပေါင်း (၃၅) ဦးခန့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing တို့က အဖွင့်အမှာစကားအသီးသီး ပြောကြားခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်ကို နံနက် (၉) နာရီအချိန်တွင် စတင်ဆောင်ရွက်ခဲ့ရာ မြန်မာ့ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဦးအောင်မြင့်ထူးကလည်းကောင်း၊ မြန်မာ့သဘာဝရော်ဘာရေရှည်တည်တံ့မှု ဖော်ဆောင်ရေး အသင်းဥက္ကဋ္ဌ၊ ဒေါက်တာယုစိန်က နိုင်ငံတကာရော်ဘာဈေးကွက်သို့ စံသတ်မှတ်ချက်များဖြင့် ချဉ်းကပ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်က မြန်မာ့သဘာဝရော်ဘာ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး အရည်အသွေးဆိုင်ရာစမ်းသပ်စစ်ဆေးခြင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာလူမှုစီးပွားအဖွဲ့ (CESD) က ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် Cess Fund အတွေ့အကြုံများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ နေ့လယ်ပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာတွင် မြန်မာလူမှုစီးပွားအဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး၊ ဒေါက်တာဇော်ဦးက ဦးဆောင်သူအဖြစ်ဆောင်ရွက်ပြီး အနာဂတ်ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်ကို ညနေ ၄ နာရီ ၃၀ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့သည်။

**Source:** https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_15.2.2024%203:20%20PM

## ပဲယင်း(နီ)သီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိနေ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကိုအဓိကထား၍ ဒေသစီးပွားဖြစ်လုပ်ကိုင်ကြပြီး ရွာသစ်ရပ်ကွက်ရှိ စိုက်တောင်သူများသည် နှစ်စဉ်ကိုင်းကျွန်းမြေများတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပြည်ပဝယ်လိုအားကောင်းပြီး ဈေးကွက်ခိုင်မာလျက်ရှိသော ဂျပန်ပဲယင်းနီသီးနှံကို တောင်သူများ စိုက်ဧက မများသော်လည်း တနိုင်တပိုင်စိုက်ပျိုးကြောင်း၊ ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကြက်သွန်နီ၊ မြေပဲ၊ ပဲမျိုးစုံကို အဓိကထား၍စိုက်ပျိုးပြီး ပဲယင်း(နီ) သီးနှံကို စိုက်ဧက (၁၀)ဧကခန့်စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင်လွယ်ကူ၍ ကုန်ကျစရိတ်သက်သာသော ဂျပန်ပဲယင်း(နီ)သီးနှံကို ယခုနှစ်တွင် တိုးချဲ့စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဂျပန်ပဲယင်း(နီ)ကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းကြောင်း၊ တစ်ဧကစိုက်ပျိုးလျှင် ပဲယင်း(နီ) (၄)ပြည်ခန့်ကုန်ကျကြောင်း၊ တစ်တင်းလျှင် ကျပ်(၁,၁၀,၀၀၀)ဖြင့် ဝယ်ယူရကြောင်း၊ စိုက်ပျိုးရာတွင် လွယ်ကူပြီး အလုပ်သမားငှားရမ်းမှုကုန်ကျစရိတ်နည်းခြင်း၊ သွင်းအားစုအမျိုးမျိုးနှင့် ပိုးသတ်ဆေးပက်ဖျန်းခြင်းတို့ကို ပြုလုပ်သုံးစွဲခြင်းမရှိ၍ ကုန်ကျစရိတ်နည်းကြောင်း ဒေသခံတောင်သူကပြောသည်။

ဂျပန်ပဲယင်း(နီ)တစ်ဧကအထွက်နှုန်းမှာ တင်း(၃၅ မှ ၄၀)ထိထွက်ရှိကြောင်း၊ ယခုနှစ်တွင် ရေမြေရာသီဥတု ကောင်းမွန်ခြင်းကြောင့် တစ်ဧကလျှင် ပျမ်းမျှအားဖြင့် တင်း(၄၀)ခန့်ထွက်ရှိပြီး ယခင်နှစ်သီးနှံပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ်(၇၀,၀၀၀) ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဒေသပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ်(၆၈,၀၀၀)ဖြင့် ရောင်းချကြောင်း၊ ဝင်ငွေမှာ ကျပ် (၂၇,၂၀,၀၀၀)ခန့်ရရှိပြီး၊ တစ်ဧကကုန်ကျစရိတ်မှာ ကျပ်(၅,၀၀,၀၀၀)ခန့် ကုန်ကျ၍ ကျပ် (၂၂,၂၀,၀၀၀)ခန့် အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဂျပန်ပဲယင်း(နီ)စိုက်ပျိုးခြင်းဖြင့် စိုက်တောင်သူများ အကျိုးအမြတ် ရရှိနေကြကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

**DOCA(မကွေး)**

https://www.doca.gov.mm/my/node/18438

## ပြည်တွင်းဈေးကွက်တွင် မြန်မာပုစွန်နှင့် ထိုင်းပုစွန်မျိုးစပ် ရေချိုပုစွန် Monosex ရောင်းဝယ်အားကောင်း



မြန်မာပုဇွန်နှင့်ထိုင်းပုစွန်မျိုးစပ်ထားသည့် အထီးသီးသန့် ရေချိုပုစွန် Monosex များမှာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်အားကောင်းနေကြောင်း ပုစွန်ရောင်းဝယ်ရေးအသိုင်းအဝိုင်းမှသိရသည်။

အဆိုပါ ပုစွန်မှာ အထီးရာခိုင်နှုန်းများရန်အတွက် မျိုးဗီဇ၏ပြုပြင်ထားသည့် ရေချိုပုစွန်များဖြစ်သည်။

အဆိုပါ ရေချိုပုစွန်အမျိုးအစားကို ပြည်တွင်းတွင် စားသုံးသူပိုများနေကာ မြန်မာရေချိုပုစွန်တစ်ပိဿာမှာ လက်ကားဈေးကွက်၌ ကျပ် ၅၀,၀၀၀ ဝန်းကျင် ဈေးပေါက်ချိန်တွင် အဆိုပါ မြန်မာ/ယိုးဒယားစပ် ရေချိုပုစွန် Monosex တစ်ပိဿာလျှင် ၂၆,၀၀၀ ကျပ်မှ ၃၀,၀၀၀ ကျပ် ဝန်းကျင် ဈေးပေါက်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဈေးနှုန်းချိုသာသည့်အတွက် မွေးမြူရောင်းချသူနှင့်စားသုံးသူမြင့်တက်နေခြင်းဖြစ်ကြောင်းလည်း ပုစွန်ရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

အဆိုပါ မြန်မာယိုးဒယားစပ်ရေချိုပုစွန် Monosex ကို (၈) လခန့်မွေးမြူရပြီး၊ ကြီးထွားမှုနှုန်းအနေဖြင့် တစ်ကောင်လျှင် ၅ ကျပ်သားခန့်အထိ ကြီးထွားနိုင်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=152290

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးတန် ပိဿာချိန် ၈၂၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးတန်ပိဿာချိန် ၈၂,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၏ ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးတန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးတန်ပိဿာချိန် ၅၉,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၉) ရက်နေ့ထိ ငါးတန်ပိဿာချိန် ၈၂,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ “လပွတ္တာမြို့နယ်ကနေထွက်ရှိတဲ့ ရေထွက်ကုန်မှန်သမျှ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့ တစ်လအတွင်းကော၊ အခုလက်ရှိကော ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေတယ်” ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

လပွတ္တာမြို့နယ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၉၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=152211

## တစ်ပိဿာ ၁၀,၀၀၀ ကျပ်ကျော်ရှိခဲ့သည့် မုံရွာကွမ်းရွက်ဈေး ၂၅၀၀ ကျပ်သို့ထိုးကျ



ပြီးခဲ့သည့် တစ်လကျော်က တစ်ပိဿာ ကျပ် ၁၀,၀၀၀ ကျော်အထိ ဈေးကောင်းရခဲ့သည့် မုံရွာကွမ်းရွက်ဈေးသည် ယခုရက်ပိုင်းတွင် ၂၅၀၀ ကျပ်သို့ ထိုးကျသွားကြောင်း မုံရွာကွမ်းဈေးကွက်မှ သိရသည်။

“လက်ရှိ ကွမ်းအရောင်းအဝယ်အေးပြီး ကွမ်းရွက်ကောင်းရှားနေတယ်။ ရှိတဲ့ကွမ်းကလည်း သွားလာရေးအခက်အခဲကြောင့် အဝေးတင် အော်ဒါတွေ ရပ်နေတယ်။ အဝေးတင်မရှိတဲ့အတွက် ကွမ်းခြံထဲမှာ မခူးဘဲထားရတာက များတယ်” ဟု ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ကွမ်း၏သဘာဝအရ ရက်ပတ်ဖြင့်သာ ခူးရသည့်အနေအထားဖြစ်ရာ လက်ရှိတွင် အဝေးမှ ဝယ်လက်ဖောက်သည်များထံ တင်ပို့နိုင်ခြင်းမရှိသည့်အတွက် ကွမ်းရွက်များရင့်ကာ ဈေးမရတော့သည့်

အခြေအနေနှင့် ရင်ဆိုင်နေကြရခြင်းဖြစ်ကြောင်း ကွမ်းစိုက်တောင်သူများကဆိုသည်။ "စိုက်သူနည်းတယ်။ အထွက်နည်းတယ်။ အပျက်များတယ်။ အထွက်နည်းတော့ ကုန်ရှားတယ်။ ကုန်ရှားရင်ဈေးတက်တယ်။ ဒီနှစ်လည်းဈေးတက်တော့ တက်အုံးမှာပါ။ ခြံသမားတွေရသလောက် စိုက်ထားကြပါလို့မှာရတယ်"ဟု ကွမ်းစိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

လက်ရှိကာလသည် ပျိုးထုပ်ရာသီဖြစ်ရာ ပျိုးရန်အတွက် ကွမ်းအညွန့်များကို ပျိုးထုပ်ဖြစ်အောင် လုပ်ဆောင်နေကြပြီး ပျိုးထုပ်ကို တစ်လကြာထားပြီးလျှင် စိုက်ရန်အသင့်ပျိုးပင်ငယ်များ ရရှိပြီဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=152204

## ပွင့်လင်းရာသီဖြစ်သည့်အတွက် ငါးခြောက် အရောင်းအဝယ် ပိုမိုကောင်းမွန်လာ



ယခုအချိန်အခါသည် ပွင့်လင်းရာသီဖြစ်သည့်အတွက် အခြေခံစားသောက်ကုန် ဈေးကွက်အတွင်း ငါးခြောက်အရောင်းအဝယ် ပိုမိုကောင်းမွန်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ငါးပိ၊ ငါးခြောက်ရောင်းချသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။ "အခုက ပွင့်လင်းရာသီ ရောက်လာပြီဆိုတော့ အလှူတွေလည်း လုပ်လာကြတယ်။ ဒါကြောင့် ငါးခြောက်ဈေးကောင်းရပါတယ်။ ကုန်ကြမ်းရရှိတာလည်း အဆင်ပြေပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ငါးခြောက်ကုန်ကြမ်းရရှိမှုအနေဖြင့် မွေးမြူရေးငါးများမှ ရရှိသည့်အပြင် သဘာဝအင်းငါးများနှင့် ပင်လယ်ငါးများမှလည်းရရှိကြောင်း၊ ငါးခြောက်ဝယ်လိုအား ကောင်းမွန်နေပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

ငါးခြောက်ဈေးနှုန်းများအနေဖြင့် ငါးတန်(အသားမျှင်) တစ်ပိဿာလျှင် ငွေကျပ် ၁၅,၀၀၀၊ မြီးတံသွယ်(ချိုသန့်)တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၊ ပုစွန်ခြောက်မှုန့်(ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀၊ ငါးရံ့ပြား(လတ်ကြီး)တစ်ပိဿာလျှင် ငွေကျပ် ၆၈,၀၀၀၊ ရခိုင် ငါးကွမ်းရှပ်တစ်ပိဿာလျှင် ငွေကျပ် ၃၅,၀၀၀၊ ငါးနီတူ(ခေါင်းပြတ်)တစ်ပိဿာလျှင် ငွေကျပ် ၁၈,၀၀၀၊ ငါးနီတူ(ခြွေသေး) တစ်ပိဿာလျှင် ငွေကျပ် ၂၆,၀၀၀၊ ငါးကြင်း(အကောင်)တစ်ပိဿာလျှင် ငွေကျပ် ၁၈,၀၀၀၊ သင်လုံး (လတ်ကြီး)တစ်ပိဿာလျှင် ငွေကျပ် ၁၆,၀၀၀၊ ငါးရံ့ (လုံးကြီး) တစ်ပိဿာလျှင် ငွေကျပ် ၅၂,၀၀၀၊ ငါးနီတူ(ခေါင်းပါ) တစ်ပိဿာလျှင် ငွေကျပ် ၁၃,၀၀၀၊ ပုစွန်ခြောက်(ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၇၅,၀၀၀၊ ငါးကြင်း(အတုံး)တစ်ပိဿာလျှင် ငွေကျပ် ၁၉,၀၀၀ စသည်ဖြင့် ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

ငါးခြောက်ဈေးကွက်အနေဖြင့် ပွဲရုံကြီးများ၌ လက်ကားဝယ်ယူမှုနည်းသော်လည်း အွန်လိုင်းမှတစ်ဆင့် လက်လီဝယ်ယူမှုမှာ ရောင်းအားပိုမိုကောင်းမွန်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/53621

## မြန်မာ့စိန်တလုံး ပြည်ပတင်ပို့ရန် ဝယ်ယူမည်

မြန်မာ့စိန်တလုံးကို ပြည်ပတင်ပို့ရန် ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာ့စိန်တလုံးကို ၂၀၁၉ ခုနှစ် ကိုဗစ်ကာလကတည်းက စတင်ကာ ပင်လယ်ရေကြောင်းမှတစ်ဆင့် စင်ကာပူနိုင်ငံသို့ တန်နှင့်ချီပို့ဆောင်နေခြင်းဖြစ်ရာ ယခုနှစ်တွင်လည်း ပြည်ပနိုင်ငံများသို့တင်ပို့ရန် အရည်အသွေးကောင်း စိန်တလုံးသရက်သီးများကို အရည်အသွေးအလိုက် ဈေးကောင်းပေးဝယ်ယူသွားမည်ဖြစ်ကြောင်း ခြံမန်နေဂျာ ဦးငွေအောင်ကပြောသည်။

"လာမဲ့ရာသီမှာ စိန်တလုံး တွေ ဈေးကောင်းပေးဝယ်သွားမှာပါ။ လက်ရှိအချိန်မှာ ပေါက်ဈေးဖွင့်လှစ်နိုင်ခြင်း မရှိသေးပေ မဲ့ သင်္ကြန်ပြီးနောက်ပိုင်း ဈေးဖွင့်သွားမှာပါ။ ရောင်းချလိုတဲ့ သရက်ခြံပိုင်ရှင်များအနေနဲ့ ကြိုတင်ဆက်သွယ်ပြီး ရောင်းချနိုင်မည့်

ကော၊ ရောင်းချမည့်အချိန်တို့ကို ကုမ္ပဏီနဲ့ကြိုတင်စာရင်းပေးထားနိုင်ပါတယ်။ ကုမ္ပဏီအနေနဲ့ Export တင်ပို့မှာဖြစ်လို့ အရည်အသွေးကောင်းဖို့ လိုအပ်ပါတယ်။ မဖြစ်မနေ သရက်သီးအိတ်စွပ်ဖို့ လိုအပ်ပါတယ်။ အိတ်လိုအပ်လျှင်လည်း ကုမ္ပဏီကို ဆက်သွယ်နိုင်ပါတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ်တွင် ရာသီဥတုကြောင့် အပွင့်အားကောင်းသော်လည်း အသီးတင်နှုန်းနည်းကြောင်း သရက်ခြံရှင်များထံက သိရသည်။ မြန်မာစိန်တလုံးကို တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်မှတစ်ဆင့် တင်ပို့နေသော်လည်း ယခုနှစ်တွင် သယ်ယူစရိတ်များ ကြီးမြင့်မှုများကြောင့် ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းချရမည့် အခြေအနေဖြစ်နေသည်။

သဇင်နွယ်ကုမ္ပဏီမှ Export အရည်အသွေး စိန်တလုံးသရက်သီးများကို ရွေးချယ်ကာ စင်ကာပူနိုင်ငံသို့ အအေးခန်းကွန်တိန်နာများဖြင့် ၂၀၁၉ ခုနှစ်ကတည်းက တင်ပို့နေခြင်းဖြစ်သည်။ သို့ဖြစ်၍ ယခုနှစ်တွင်လည်း တင်ပို့ရန် အရည်အသွေးကောင်း စိန်တလုံးသရက်သီးများကို ဝယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က သရက်သီးရှားတော့ အနိမ့်ဆုံးဈေးတန်းမှာ တစ်တန်လျှင် ငွေကျပ် ၁၂ သိန်းနှင့် အရည်အသွေးအလိုက် အမြင့်ဆုံး ငွေကျပ် ၁၅ သိန်းခန့်အထိ ပေးဝယ်ခဲ့ကြောင်း ရောင်းချလိုသည့်တောင်သူများအနေဖြင့် သဇင်နွယ်သရက်ခြံ ဆည်ရွာ ဇရပ်ပေါက်၊ ပလိမ်မြို့၊ စဉ့်ကိုင်မြို့နယ် ခြံမန်နေဂျာ ဦးဌေးအောင် ဖုန်းနံပါတ် ၀၉-၄၃၁၁၇၄၁၇၊ ၀၉-၂၀၁၃၃၈၉ တို့သို့ အသေးစိပ် စုံစမ်းနိုင်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပဲမျိုးစုံ ပြောင်းနှင့်နှမ်းဈေးကွက်တွင် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းမပြုရန် အသိပေးထား

ပြည်တွင်းမှ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းဈေးကွက်တွင် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းမပြုရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ထားပြီး ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်း ကုန်သည်များအသင်းမှလည်း ၎င်းတို့ အသင်းသားများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

ပဲမျိုးစုံ ပြောင်းနှင့်နှမ်းတို့ကို ပြည်ပသို့တင်ပို့လျက်ရှိရာ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်မှုများကို စောင့်ကြည့်ပြီး သက်ဆိုင်ရာဌာနသို့ တင်ပြသွားမည်ဖြစ်သည်ဟု ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူကပြောသည်။ "ပြည်ပကို တင်ပို့နေတာဖြစ်လို့ သိုလှောင်မှုဆိုတာ မဖြစ်မနေကတ္တမှာပါတယ်။ သို့ပေမဲ့ သိုလှောင်ရာမှာ ဈေးကစားဖို့ ရည်ရွယ်တာမျိုးရှိနိုင်တယ်။ အဲလိုမဖြစ်အောင် အသင်းသားတွေကို အသိပေးတာ၊ ဆွေးနွေးညှိနှိုင်းတာတွေလုပ်ခဲ့ပြီးပါပြီ။ ပေါ်ပေါက်လာခဲ့ရင် အသင်းကိုတင်ပြရပါမယ်။ ဒီကတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြသွားမှာပါ"ဟု ၎င်းကပြောသည်။

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းတို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ တင်ပို့ရန် သင်္ဘောမရောက်မီ သိုလှောင်မှုများဆောင်ရွက်ရကြောင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းကို မပြုလုပ်ကြရန်နှင့် တွေ့ရှိပါက အရေးယူမှုများ လုပ်ဆောင်သွားမည်ဟု သိရသည်။

"တချို့ သင်္ဘောမလာခင် ဝယ်ယူသိုလှောင်ပြီး မဖြစ်မနေလိုအပ်ချက်ရှိလာလို့ အရေးပေါ်ဝယ်ရတဲ့အခါ ဈေးကို ဆွဲတင်ရောင်းကြတာမျိုးက ဈေးကွက်မတည်မငြိမ်ဖြစ်ရတယ်။ ဈေးကွက်တည်ငြိမ်ဖို့နဲ့ Export လုပ်ငန်း အမှန်အကန် ဆောင်ရွက်သူတွေ နစ်နာမှုမရှိအောင်၊ ဈေးကွက်တည်ငြိမ်အောင် ထုတ်ပြန်တာလို့ယူဆပါတယ်"ဟု မန္တလေးကုန်စည်ဒိုင်မှ အမှုဆောင်တစ်ဦးက ပြောသည်။

ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်း စသည့်သီးနှံများကို Export လုပ်ငန်းဆောင်ရွက်ရာ ရန်ကုန်မှကုန်သည်များက တိုက်ရိုက်တင်ပို့မှု အများဆုံးလုပ်ဆောင်ကြပြီး မန္တလေးမှကုန်သည်များအနေဖြင့် ဝယ်ယူပေးရသည့် အနေအထားသာရှိကြောင်း၊ လက်ရှိတွင် ပဲမျိုးစုံ ပြည်ပသို့တင်ပို့မှုပမာဏမှာ ယခင်နှစ်နီးပါး တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်နိုင်ငံသို့ ပါကစ္စတန်မှနှမ်းတင်ပို့မှု ၁၂၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာ

ပါကစ္စတန်မှတရုတ်နိုင်ငံသို့ နှမ်းတင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၂၉၀) သန်းကျော်ရှိခဲ့ပြီး တန်ဖိုးအားဖြင့် တစ်နှစ်ထက်တစ်နှစ် (၁၂၆ ဒသမ ၂၉) ရာခိုင်နှုန်းမြင့်တက်လာကြောင်း ပေကျင်းမြို့ရှိ ပါကစ္စတန်သံရုံးမှ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံမှ နှမ်း (၁၆၆,၆၈၂ ဒသမ ၉၈၇) တန် တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် နှမ်း (၈၄,၉၈၅ ဒသမ ၃၂) တန် တင်သွင်းခဲ့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် (၉၆ ဒသမ ၁၃) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းလည်း သိရသည်။

GACC ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းမှ အမေရိကန်ဒေါ်လာ (၁ ဒသမ ၅၂) ဘီလီယံခန့်တန်ဖိုးရှိ နှမ်းတန်ချိန် (၉၁၂,၈၁၄ ဒသမ ၅၇၇) ခန့် တင်သွင်းခဲ့ကြောင်း၊ အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် နိုင်ဂျာနိုင်ငံသည် အမေရိကန်ဒေါ်လာ (၃၀၉ ဒသမ ၅၁) သန်း တန်ဖိုးရှိ နှမ်း (၁၉၂,၅၂၉)တန် တင်ပို့ခဲ့ပြီး သုံးနှစ်ဆက်တိုက် တရုတ်နိုင်ငံသို့ နှမ်းတင်ပို့မှုတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိကြောင်း၊ ၎င်း၏နောက်တွင် ပါကစ္စတန်သည် အမေရိကန်ဒေါ်လာ (၂၉၀ ဒသမ ၆၆) သန်းနှင့် တန်ဇန်းနီးယားသည် အမေရိကန်ဒေါ်လာ (၂၃၉ ဒသမ ၈၃) သန်းဖြင့် အသီးသီး ရပ်တည်နေကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်သည် တရုတ်နိုင်ငံ၏ နှမ်းတင်သွင်းမှု စုစုပေါင်း၏ (၁၉) ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် နှမ်းဝယ်လိုအားတိုးလာနေမှုကြောင့် China Machinery Engineering Corporation (CMEC)က ဦးဆောင်သော Sino-Pak Agricultural Cooperation and Exchange Centre သည် ပါကစ္စတန်တောင်သူများနှင့် ကန်ထရိုက်စိုက်ပျိုးရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်ရှိ Pak-China နှမ်းကန်ထရိုက်စိုက်ပျိုးရေးစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားမည်ဖြစ်ပြီး ယခုနှစ်အတွင်း အဆိုပါစီမံကိန်းမှ အနည်းဆုံး နှမ်းတန်ချိန် (၅၀၀၀)တင်သွင်းရန် အစီအစဉ်ရှိသည်ဟု စီမံကိန်းမန်နေဂျာ Xi Jianlong က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် နှမ်းတန်ချိန် (၄၀၀) တင်သွင်းခဲ့ပြီး ယခုနှစ်တွင် အနည်းဆုံးတန်ချိန် (၅၀၀၀) တင်သွင်းသွားရန် စီစဉ်ထားကြောင်း၊ ၂၀၂၃ ခုနှစ်ကုန်တွင် စီမံကိန်းမှ ပထမအသုတ်နှမ်းများကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ နှမ်းတင်သွင်းမှုပမာဏသည် လွန်ခဲ့သည့် (၃) နှစ်အတွင်း တန်ချိန် (၁) သန်းခန့်ဖြင့် တည်ငြိမ်နေခဲ့ကြောင်း၊ ပါကစ္စတန်မှ နှမ်းများကို တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှတင်ပို့ရာတွင် ခန့်မှန်းခြေအားဖြင့် (၁၀) ရက်မှ (၁၅) ရက်အတွင်းသာ ကြာမြင့်သည်ဟု Xi က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ နှမ်းစိုက်ဧရိယာသည် ဧက (၂,၀၀,၀၀၀) သာရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ဧက (၁) သန်းအထိ တိုးလာခဲ့ကြောင်း၊ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးလျက်ရှိပြီး နှမ်းတစ်ဧက အထွက်နှုန်းသည် ၂၀၁၈ ခုနှစ်နှင့်နှိုင်းယှဉ်ပါက နှစ်ဆနီးပါးတိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်လက်များအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နှမ်းတင်သွင်းမှု ကျဆင်းသွားပြီး ပါကစ္စတန်နှင့် အာဖရိကနိုင်ငံများမှ နှမ်းတင်သွင်းမှု သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ယခုနှစ်တွင် မြန်မာ့နှမ်းများ ဈေးကွက်ဝေစု ထိန်းသိမ်းထားနိုင်ရေးအတွက် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ရန် အလေးထားဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**Source: -** https://tribune.com.pk/story/2457694/china-to-import-5000-tons-of-sesame-in-fy24

https://tribune.com.pk/story/2456698/sesame-exports-to-china-surge-1263

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_180320240130

# STOCK EXCHANGE (18.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 21,543 (Shares) | 58,533,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,300 | 8,600 | 8,300 | 462 | 3,879,400 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 14,668 | 42,218,450 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 82 | 639,600 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 421 | 631,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 15 | 36,750 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,800 | 1,750 | 132 | 233,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,600 | 281 | 1,300,700 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 5,482 | 9,593,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 18th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.85 | +2.38 | +0.66% | 353.92 | 360.85 | 353.92 | 21,543 | 58,533,400 | 8 | 680,638 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 21,543 (Shares) | 58,533,400 (MMK) |

### Main Board

As of 1:00 pm, 18th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 21,543 (Shares) | 58,533,400 (MMK) |

| MYANPIX | 360.85 ▲ 2.38 |
|---|---|
| Total Volume (shares) | 21,543 |
| Total Value (MMK) | 59 mil |
| Listed Company | 8 |
| Market Cap. (MMK) | 680,638 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |